# ဝိသုဒ္ဓိမဂ်လေ့ကျင့်ခန်းမေးခွန်း အမှတ် (၁၀) အရဟံဂုဏ်တော်အဖွင့် (ဋီကာအဖွင့် အပါအဝင်)

ဆရာတော်ဦးသြဘာသ (ဓမ္မာနန္ဒဝိဟာရ) ၏ ဝိသုဒ္ဓိမဂ်သင်တန်း လေ့ကျင့်ခန်းမေးခွန်း အမှတ် (၁၀) အရဟံဂုဏ်တော်အဖွင့် (ဋီကာအဖွင့် အပါအဝင်)

1. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   အဘိညာဉ်ဟူသော ဓားလက်နက်ဖြင့် ကိလေသာတို့ကို ပယ်သတ်တော်မူပြီးသောကြောင့် အရဟံမည်၏။

   ◯ မှန်သည်

   ◯ မှားသည်

2. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   မြတ်စွာဘုရားသည် သံသရာစက်ဘီး၏ ထောက်အကန့်တို့ကို ဘုရားဖြစ်စဉ် ဗောဓိပင်အောက်မှာပင် ဖျက်ဆီး ခဲ့၏။

   ◯ မှန်သည်

   ◯ မှားသည်

3. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   သဗ္ဗညုတဉာဏ်နှင့် နောက်ကြောင်းပြန် အဆင့်ဆင့် ဆင်ခြင်ကြည့်ပါသော်လည်း သံသရာ၏အစကို မတွေ့ရ၍ အနမတဂ္ဂ-ဟု ခေါ်၏။

○ မှန်သည်

○ မှားသည်

4. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

နောက်တနည်းဖွင့်ပုံအရ သံသရာ့စက်ဝိုင်းကို ဖျက်ဆီးရာ၌ အလယ်က ဗဟိုချက်ဟူသည် အဝိဇ္ဇာတဏှာ ၂-ပါးပင်ဖြစ်သည်။

○ မှန်သည်

○ မှားသည်

5. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

အရူပဘဝ၌ ပဋိသန္ဓေဝိညာဏ်သည် အရူပဘဝ၌ နာမ်-ရုပ် ၂-ပါးအား ကျေးဇူးပြု၏။

○ မှန်သည်

○ မှားသည်

6. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

အကြင်ပုဂ္ဂိုလ်သည် ရူပဖြဟ္မာ့ဘုံ၌ စည်းစိမ်ခံစားလိုမှု ဥပါဒါန်ကြောင့် ဒါန,သီလကို ပြုလုပ်၏။ ထိုကံကြောင့် ဖြဟ္မာဘုံ၌ ဖြစ်ရ၏။

○ မှန်သည်

○ မှားသည်

7. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

နွားခွေးစသည်တို့၏ အကျင့်မျိုးဖြင့် ကိလေသာမှ စင်ကြယ်နိုင်သည်ဟူသော အယူစွဲသည် သီလဗ္ဗတုပါဒါန် မည်၏။

○ မှန်သည်

○ မှားသည်

8. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ဓမ္မဋ္ဌိတိဉာဏ်ဟူသည် အကြောင်းသိမ်းဆည်းလျက် တရားတို့၏ တည်ကြောင်းကိုသိသော ပညာကို ခေါ်သည်။

○ မှန်သည်

○ မှားသည်

9. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ဘုရားရှင်၏ သင်္ကန်းစဆွဲကာ နောက်တော်ပါးမှ ထပ်ချပ်မကွာ လိုက်ပါနေသူကို ဘုရားနှင့်နီးသူဟု ဆို၏။(ဠီ)

○ မှန်သည်

○ မှားသည်

10. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ရဟန္တာမဖြစ်သေးသူ မှန်သမျှကို ကျင့်ကြံအားထုတ်ဆဲ သေက္ခပုဂ္ဂိုလ်ဟု ခေါ်၏။ (ဠီ)

○ မှန်သည်

○ မှားသည်

11. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်သည်-

○ = ကိလေသာကိုသာ ပယ်၏။

○ = ဝါသနာနှင့်တကွ ကိလေသာကို ပယ်၏။

○ = အထုံဝါသနာမှ တပါး အခြားကိလေသာအားလုံးကို ပယ်၏။

12. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

ကာမဂုဏ်ကို သုံးဆောင်ခံစားမည်ဟူသော ကာမုပါဒါန်ကြောင့် ဒုစရိုက်များကို ပြုကျင့်၏။ ထိုဒုစရိုက် ကံတို့ကြောင့် အပါယ်ဘုံသို့ရောက်၍ ဖြစ်ရသော ဘဝခန္ဓာတို့သည်-

○ = ကမ္မဘဝ

○ = ဥပပတ္တိဘဝ

○ = ကာမဘဝ - မည်၏။

13. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

ပရိနိဗ္ဗာန် စံတော်မူပြီးသော ဘုရားရှင်ကို ရည်စူး၍ ၉၆-ကုဋေ အလှူကြီးပေးခဲ့သော မင်းမှာ-

○ = ကောသလမင်း

○ = ဗိမ္ဗိသာရမင်း

○ = အသောကမင်း - ဖြစ်သည်။

14. အောက်ပါတို့တွင် မြတ်စွာဘုရား၏ အရဟံ-ဂုဏ်တော်တွင်မပါသော ပုဒ်ကို ရွေးထုတ်ပြပါ။ (1 point)

◯ ၁။ ကိလေသာတို့မှ ဝေးကွာတော်မူခြင်းကြောင့် အရဟံမည်၏။

◯ ၂။ ကိလေသာတို့ကို ပယ်သတ်တော်မူပြီးသောကြောင့် အရဟံမည်၏။

◯ ၃။ ကြည်ညိုဖွယ်ရာဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် အရဟံမည်၏။

◯ ၄။ လှူဖွယ်ပစ္စည်းတို့ကို အလှူခံထိုက်သောကြောင့် အရဟံမည်၏။

◯ ၅။ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြုခြင်းကြောင့် အရဟံမည်၏။

15. မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်၌ နေသော်လည်း အဘယ်ပုဂ္ဂိုလ်မျိုးသည် ဘုရားနှင့်နီးသူဖြစ်သနည်း? (1 point)

◯ ၁။ အဘိဇ္ဈာမများသူ

◯ ၂။ သတိသမ္ပဇဉ်ဉာဏ် ရှိသူ

◯ ၃။ မတုန်လှုပ်သော စိတ်ရှိသူ

◯ ၄။ ဣန္ဒြေစောင့်ထိန်းသူ

◯ ၅။ အထက်ပါ ပုဂ္ဂိုလ်များ အားလုံးပါဝင်သည်။ (ဋီ)

16. အောက်ပါတို့ကို မှန်ကန်အောင် တွဲစပ်ပေးပါ။ (5 points)

| | |
|---|---|
| ____ က။ အာသဝသည် | **1.** ၁။ ရထားလှည်းနှင့် တူ၏။ |
| ____ ခ။ အဝိဇ္ဇာ,တဏှာသည် | **2.** ၂။ လှည်းဘီးအကွပ်နှင့် တူ၏။ |
| ____ ဂ။ ဇရာမရဏသည် | **3.** ၃။ လှည်းဘီးဝင်ရိုးနှင့် တူ၏။ |
| ____ ဃ။ သင်္ခါရ သုံးပါးသည် | **4.** ၄။ ရထားဘီး၏ ပုံတောင်းနှင့် တူ၏။ |
| ____ င။ ကာမ,ရူပ,အရူပဟူသော ဘဝသုံးပါးသည် | **5.** ၅။ ထောက်အကန့်တို့နှင့် တူ၏။ |

17. အောက်ပါတို့ကို မှန်ကန်အောင် တွဲစပ်ပေးပါ။ (4 points)

____ က။ ဝီရိယသည် **1.** ၁။ လက်နှင့် တူ၏။

____ ခ။ သီလသည် **2.** ၂။ ခြေနှင့် တူ၏။

____ ဂ။ မဂ်ဉာဏ်သည် **3.** ၃။ မြေပြင်နှင့် တူ၏။

____ ဃ။ သဒ္ဓါသည် **4.** ၄။ ပုဆိန်လက်နက်နှင့် တူ၏။